headspace
တစ်နိုင်ငံလုံးဆိုင်ရာ လူငယ် စိတ်ပိုင်းကျန်းမာရေး အဖွဲ့အစည်း

Burmese

# headspace က ကူညီရန် ရှိနေပါသည်။

**headspace** သည် အသက် ၁၂ နှစ်မှ ၂၅ နှစ်အထိ လူငယ်များ စိတ်ပိုင်းကျန်းမာရေးအတွက် အခမဲ့ သို့မဟုတ် ကုန်ကျငွေနည်းသော ဝန်ဆောင်မှုဖြစ်သည်။

**headspace** က လူငယ်များနှင့် သူတို့၏မိသားစုများအား အဓိကကျသော လေးနေရာတွင် သိကောင်းစရာများနှင့် ကူညီပံ့ပိုးမှု ပေးပါသည် -

- စိတ်ပိုင်း ကျန်းမာရေး
- ကိုယ်ကာယနှင့် လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး
- အလုပ်၊ ကျောင်းနှင့် ပညာသင်ကြားခြင်း
- အရက်သေစာနှင့် အခြားသော မူးယစ်ဆေးဝါး

1/4

စိတ်ပိုင်းကျန်းမာရေး ပြဿနာများသည် လူငယ် ၄ ဦးတွင် ၁ ဦးကို ထိခိုက်စေသည်။ လူငယ်တစ်ဦးမှာ စိတ်ပိုင်းကျန်းမာရေးအတွက် ကူညီပံ့ပိုးမှု လို/မလို သိရန်ခက်ခဲနိုင်သော်လည်း အောက်ဖော်ပြပါ အချက်များကဲ့သို့ သူတို့မှာ ပြဿနာများ ရှိနေကြောင်း သိသာစေသည့် သတိပေးလက္ခဏာများ ရှိနေပါသည် -

- သာမန်အားဖြင့် သူတို့ပျော်ရွှင်ခံစားမည့် လုပ်ဆောင်မှုများကို ရှောင်ရှားခြင်း
- သူတို့၏ အစားအသောက်နှင့် အအိပ်အနေပုံစံပြောင်းလဲခြင်း
- အလွယ်တကူ စိတ်လှုပ်ရှားမှု သို့မဟုတ် စိတ်ဆိုးမှု ဖြစ်လာခြင်း
- အကြောင်းမရှိဘဲ ပုံမှန်နှင့်မတူ စိတ်ဖိစီးမှု၊ စိတ်ပူပန်မှု သို့မဟုတ် ဝမ်းနည်းမှု ဖြစ်ပုံရခြင်း
- အာရုံစူးစိုက်မှု သို့မဟုတ် စိတ်အားတက်ကြွမှုအတွက် အခက်အခဲရှိခြင်း
- အကောင်းမမြင်တတ်သော၊ စိတ်ပျက်စေသော သို့မဟုတ် ပုံမှန်မဟုတ်သော အတွေးများရှိခြင်း
- သူတို့၏ကျောင်း၊ TAFE၊ တက္ကသိုလ် သို့မဟုတ် အလုပ်တွင် စွမ်းဆောင်နိုင်မှုမှာ ယခင်ကလို သို့မဟုတ် ယခုရှိသင့်သလောက် မရှိခြင်း
- မူးယစ်ဆေးဝါး သုံးစွဲခြင်း သို့မဟုတ် အရက်သေစာ အလွန်အကျွံ သောက်ခြင်းကဲ့သို့ ပုံမှန်အားဖြင့် သူတို့ရှောင်ရှားမည့် ဘေးအန္တရာယ် ဖြစ်စေနိုင်သော အပြုအမူများ ပြုမူနေခြင်း

မှန်ကန်သော ကူညီပံ့ပိုးမှုက လူငယ်တစ်ဦးကို ကျောင်း၊ အလုပ်နှင့် သူ၏ ကိုယ်ရေးကိုယ်တာနှင့် မိသားစု ဆက်ဆံရေးတို့တွင် မူလအခြေအနေသို့ ပြန်ရောက်စေနိုင်ပါသည်။

## သိကောင်းစရာများနှင့် ကူညီပံ့ပိုးမှုအတွက်

**headspace.org.au** ကိုဖွင့်ဖတ်ပါ၊

## အွန်လိုင်းနှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးအကြံပေးခြင်းအတွက်

**eheadspace.org.au** ကိုဖွင့်ဖတ်ပါ၊ သို့မဟုတ် **1800 650 890** ကို ဖုန်းဆက်ပါ။

## လူငယ်တစ်ဦးနှင့်ပတ်သက်ပြီး headspace ဝန်ထမ်းနှင့် ပြောဆိုလိုပါက

သင့်မြို့နယ်မှ **headspace** ရုံးကို ဆက်သွယ်ပါ။ **headspace** ရုံးများသည် ဩစတြေးလျားနိုင်ငံတဝန်းတွင် ရှိပါသည်။ သင်နှင့်အနီးဆုံး ရုံးကိုရှာရန်အတွက် **headspace.org.au** ကို ဖွင့်ရှာပါ။

---

အကယ်၍သင် တစ်စုံတစ်ယောက်ကို သင့်ဘာသာစကားဖြင့် ပြောရန်လိုအပ်ပါက ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (TIS National) ကို **131 450** တွင် ဆက်သွယ်ကာ သင်လိုအပ်သော ဘာသာစကားကို ပြောပြပါ။

**headspace** သည် လူငယ်တို့၏ ကိုယ်ရေးကိုယ်တာအရ လွတ်လပ်ခွင့်ကို လေးစားပါသည်၊ သို့သော် အကယ်၍ ကျွန်ုပ်တို့က လူငယ်တစ်ဦး သို့မဟုတ် တစ်စုံတစ်ယောက်မှာ ဘေးအန္တရာယ် ကြုံကြိုက်မည့်အခြေအနေ ရှိနေသည်ဟု ယူဆခဲ့လျှင် ကျွန်ုပ်တို့သည် ဤအချက်အလက်များကို ကူညီပံ့ပိုးမှုဆိုင်ရာ သင့်လျော်သောသူများထံ ပေးပို့ပါမည်။ ပိုမိုသိလိုပါက ကျေးဇူးပြု၍ **headspace** ဝန်ထမ်းနှင့် ဆွေးနွေးပါ။

**headspace သည် အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ဆောင်မှု မဟုတ်ပါ။**

အကယ်၍ သင် သို့မဟုတ် လူငယ်တစ်ဦးမှာ လတ်တလော ကူညီပံ့ပိုးမှု သို့မဟုတ် ဆေးဝါးဆိုင်ရာအကူအညီ လိုအပ်ခဲ့လျှင် အောက်ဖော်ပြပါနေရာများကို ဆက်သွယ်ပါ -

- အရေးပေါ်ဝန်ဆောင်မှုများ (Emergency Services): 000
- Lifeline: 13 11 14
- Kids Helpline: 1800 55 1800

**headspace** တစ်နိုင်ငံလုံးဆိုင်ရာ လူငယ် စိတ်ပိုင်းကျန်းမာရေး အဖွဲ့အစည်းကို ဩစတြေးလျားနိုင်ငံအစိုးရ ကျန်းမာရေးဌာနမှ ရန်ပုံငွေထောက်ပံ့ပါသည်။